www.burmeseclassic.com

တောသားကြီးလူနိုင်
(အမျိုးသားစာပေဆုနှစ်ဆုရ)

# မေတ္တာအောင်လံ စိုက်ထူခြင်း

BURMESE CLASSIC

တွေးခေါ်မှု တရုများ




ဝသန်ဦး(အထက်မင်းလှ)စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် ၃၂၀၂၅၆၁၅၀၄

မျက်နှာဖုံးခွင့်ပြုချက် ၃၂၀၁၄၆၀၅၀၃

မျက်နှာဖုံးပန်းချီ ကိုဝင်းနိုင်(ဓ)ဖားကြီး

အကြိမ် ပထမအကြိမ်

၂၀၀၆-ခုနှစ်၊ ဇူလိုင်

အုပ်ရေ ၁၀၀၀

ဖလင် ကိုမျိုးညွန့်နှင့်အဖွဲ့

ကွန်ပျူတာစာစီ ကိုအောင်မင်းကွန်ပျူတာ

ထုတ်ဝေသူ ဦးထွန်းလွင် (တရားမြတ်စာပေ)
၂၁၄၊ သိင်္ဂီ ၃-လမ်း/တောင်၊
၅/ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ဦးအောင်မြင့်သိန်း(မြ-၀၆၃၆၄)
အင်းကြွင်းမြိုင်အော့ဖ်စက်။
အမှတ်-၁၄၅၊ ဆိပ်ကမ်းသာ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ဥယျာဉ်မှူးစာပေ

တန်ဖိုး ၂၅၀/-


www.burmeseclassic.com

www.burmeseclassic.com

## တောသားကြီးလူနိုင်

# မေတ္တာအောင်လံ စိုက်ထူခြင်း

## (တွေးခေါ်မှု စာစုများ)

ဝသန်ဦး (အထက်မင်းလှ)
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

# တစ်လှန့်သံ အမှာ

ရဟန်းပုဂ္ဂိုလ်
လူပုဂ္ဂိုလ်
ပုဂ္ဂိုလ်ဟူသမျှ
လောကကောင်းကျိုး
လူကောင်းကျိုး
ကောင်းကျိုးရှေ့ရေး
အရှည်တွေးလျက်
အတွေးအခေါ်ဓားကို
သွက်သထက်သွက်
ထက်သထက်
ချွန်သထက်ချွန်
မြသထက်မြဖို့
တစိုက်မတ်မတ်
သွေးနိုင်ကြကုန်စေသတည်း...

တောသားကြီးလှနိုင်

၅-၅-၂၀၀၅

www.burmeseclassic.com

www.burmeseclassic.com

# ဆုတောင်းပတ္တနာ

(၁) ကမ္ဘာလောကကြီးထဲ၌ သူတော်ကောင်းတရားတို့သည် ကြာမြင့်စွာ ခိုင်မာတည်တန့်နိုင်ပါစေ။

(၂) ကမ္ဘာလောကကြီးထဲ၌ သူတော်ကောင်းတရားတို့သည် တစ်နေ့တစ်ခြား တိုးတက်ကြီးပွားလာနိုင်ပါစေ။

(၃) ကမ္ဘာလောကထဲ၌ သူတော်ကောင်းတရားတို့ကို လိုက်နာကျင့်သုံးကြသော ကမ္ဘာသူ ကမ္ဘာသားတို့သည် တစ်နေ့တစ်ခြား တိုးတက်များပြားနိုင်ကြပါစေ။

(၄) ကမ္ဘာသူကမ္ဘာသားတို့သည် သူတော်ကောင်းတရားတို့၏ အရသာဖြစ်သော ဆင်းရဲခပ်သိမ်းတို့ လွတ်ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို (မျက်မှောက်ပြုသောအားဖြင့်) ရောက်ရှိကာ ခံစားနိုင်ကြပါစေဟူသော (ဆန္ဒမွန်)ဖြင့် ယခု တောသားကြီးလူနိုင် ရေးသားသည့် မေတ္တာ အောင်လံစိုက်ထူခြင်း တွေးခေါ်မှုစာစုများ စာအုပ်သည် ရည်ရွယ်ချက်အတိုင်း ကမ္ဘာသူ ကမ္ဘာသားတို့အတွက် ဆောင်ရွက်နိုင်ပါစေသတည်း။

မေတ္တာဖြင့်
မောင်ချစ်ညို(ပဲခူး)

www.burmeseclassic.com

www.burmeseclassic.com



## တကယ်ကြီးပြီလား

လူ့ဘဝအတွင်း၌
လူအဖြစ်...
အသက်,၇၀ ကျော်...
၈၀,နေထိုင်လာကြသူတွေအဖို့...
လူငယ်တွေလောက်...
အသက်မငယ်တော့ပေမယ့်...
အသက်,၇၀ ကျော်...
၈၀,ဆိုတာ...
ဘာကြီးသေးတာမှတ်လို့...
ကိုယ့်ကိုယ်ကို...
ကိုယ်မညာဘူးဆိုရင်...
လုမ်နိုင်...
ကိုင်နိုင်နဲ့...
အများကြီး...
အများကြီး ငယ်ပါသေးတယ်...။
အများကြီး ငယ်ပါသေးတယ်...။ ။



www.burmeseclassic.com

www.burmeseclassic.com



## လူငယ်ဆိုတာ

လူငယ်ဆိုတာ . . .
ကြီးလှပါပြီဆိုတဲ့ . . .
လူကြီးတွေလောက် . . .
မကြီးသေးခင် . . .
လူငယ်ပီပီ . . .
လူငယ်စိတ်ဓာတ်နဲ့ . . .
ဤလောက . . .
မြေမဟီအတွက် . . .
ကောင်းမှု တစ်ခုခုတော့ . . .
မလွှဲမသွေ . . .
ရှေ့ရှု လုပ်ဆောင်သင့်တာပေါ့ . . . ။ ။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာဆိုတာ

မြန်မာဆိုတာ...
ဂုဏ်သိက္ခာ...
သမာဓိ...
ခွဲသတ္တိနှင့်...
ကိုယ့်ဘာသာ...
ကိုယ့်သာသနာ...
ကိုယ့် ကဗျာ...
ကိုယ့်စာပေ...
ကိုယ်ယဉ်ကျေးမှု...
ကိုယ့် ဟန်,ကိုယ့် မာန်...
ကိုယ့် မှု...
ကိုယ့် အယူနှင့်...
လှုလုပ်လာခဲ့တာ...

နှစ်သန်းပေါင်း...၄၀ ကျော်လာခဲ့ပြီ...။



www.burmeseclassic.com

www.burmeseclassic.com



## အချစ်ကိုမည်သူတားနိုင် ဆည်းနိုင်ပါသနည်း

ရေ . . .
မြေ . . .
လေ . . .
မီး . . .
ဓာတ်ကြီးလေးပါးနဲ့ . . .
ဖွဲ့စည်းရှင်သန်နေတဲ့ . . .
လူသားမိန်းမ . . .
လူသားယောကျ်ားတို့ရဲ့ . . .
အသည်းနှလုံးတည်းမှ . . .
ပေါက်ဖွားရှင်သန်လာတဲ့ . . .
အချစ်ကို . . .
ရေ . . .
မြေ . . .
လေ . . .
မီး . . .
ဓာတ်ကြီးလေးပါးကလည်း . . .
တားနိုင်ခြင်း . . .
ဆည်းနိုင်ခြင်း အလျင်းမရှိ . . .။



www.burmeseclassic.com

www.burmeseclassic.com



## စစ်တိုက်တယ်ဆိုတာ

စစ်တိုက်တယ်ဆိုတာ . . .
အပျော်ခရီးသွား လုပ်ငန်းမဟုတ်ဖူး . . .
သူသေရင်သေ . . .
သူမသေရင် . . .
ကိုယ်သေ . . .
ခေတ်မီလက်နက်တွေနဲ့ . . .
ပစ်ခတ်တိုက်ခိုက်ရတဲ့ အလုပ် . . .
မသိသူခြင်း . . .
မမြင်ဖူးသူခြင်း . . .
အသေသတ်ကြတာဆိုတော့ . . .
ပျော်စရာ ဘယ်ကောင်းပါ့မလဲ . . .။

## ကမ္ဘာတည်သမျှ

မြန်မာတည်ရှိနေချင်ရင် . . .
မြန်မာအမျိုးသမီးတိုင်း . . .
မြန်မာအမျိုးသားများကို . . .
ချစ်ခင်လက်ကွဲဖို့ လိုတယ် , . . ။



www.burmeseclassic.com

www.burmeseclassic.com



## အရပ်ဟာတွေမက်ရဖို့ဆိုတာ

အရပ်ဟာတွေမက်ရဖို့ဆိုတာ...
လွယ်တဲ့ကိစ္စမှတ်လို့...
မိမိကိုယ်ကို ...
မျိုးထောင်တတ်မှ...
မိမိကိုယ်ကို...
မွေးမြူတတ်မှ...
မိမိကိုယ်ကို...
စောင့်ရှောက်တတ်မှ...
ကျင့်ကြံအားထုတ်မှုကောင်းမှ...
ဓါး သတ္တိ ပြည့်စုံမှ...
ဒါတောင်...
အရပ်ဟာတွေမက် ဆိုတဲ့...
ပန်းတိုင် ရောက်ဖို့...
ဝေးပါသေးတယ်...။ ။



www.burmeseclassic.com

www.burmeseclassic.com



## အယူနှင့်အပေး

ရယူသူဟာ–
ကဗျာဆရာ မဟုတ်...
ပေးကမ်းသူသာ...
ကဗျာဆရာ ဖြစ်တယ်...။

## သင်ဘုရားဖြစ်သင့်တယ်

မည်သူမဆို...
ဘုရားလိုကျင့်နိုင်ရင်...
ဘုရားဖြစ်နိုင်တယ်...
သို့ရာတွင်...
ဘုရားကဲ့သို့...
တစ်ဦးတစ်ယောက်မျှ...
ကျင့်ကြံ...
အားထုတ်မှု...
မပြုနိုင်ကြသေး...။ ။



www.burmeseclassic.com

www.burmeseclassic.com



## ဆင်ခြေဆင်လက်များသူများ

အလုပ်လုပ်ကြစို့ဆိုရင်...
မအားဘူး...
မအားဘူးနဲ့...
ကိုယ့်ကိုယ် ညာပြီး...
ဆင်ခြေဆင်လက်တွေသာ...
တွင်တွင်ပေးနေတာ...
တကယ်တန်းကြတော့...
မအားဘူးဆိုသူတွေလောက်...
အားလပ်သူ...
မည်သူရှိပါတော့မည်နည်း...။

## အစွမ်းအစရှိသူ

ကလောင်တစ်ချောင်းထည်းဖြင့်...
စကြာဝဠာကြီး တစ်ခုလုံးအား...
အပိုင်သိမ်းပိုက်ထားနိုင်တာ...
ကဗျာဆရာမှ တစ်ပါး...
ဘယ်သူများရှိသေးလို့လဲ...။



www.burmeseclassic.com

www.burmeseclassic.com



## ဘုရားဆုပန်တယ်လား

သင်ဘုရားဆုပန်တယ်ဆို...
ဟုတ်လား...
သင်ဘုရားဆုပန်တယ်ဆိုရင်...
ဘုရားဆုပန်နိုင်လောက်တဲ့...
အရည်အချင်းတွေ...
သင့်မှာရှိနေပြီလား...။
ပြည့်စုံနေပြီလား...။
လုံလောက်နေပြီလား...။
ဘုရားဆုပန်လောက်တဲ့...
အရည်အချင်းအားလုံး...
သို့မဟုတ်...
တစိတ်တဒေသလောက်မျှ...
ပြည့်မီနေပြီလားဟူ၍...
မိမိကိုယ်ကို...
မိမိ မလိမ်မညာဘဲ...
စစ်ဆေးကြည့်ပြီးပြီလား...။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆက်ပြီး

လူတိုင်း...
သူ့ ကိုယ်ကို...
သူလိမ်ညာနေတယ်ဆိုတာ...
သူကိုယ်တိုင်...
သိတတ်ကြတာမှ မဟုတ်တဲ့...။
ဒီတော့...
သူ့ကိုယ်ကို...
သူအသက်ရှင်နေသမျှ...
ဆက်၍...
ဆက်၍...
လိမ်နေဦးမည်...
ညာနေဦးမည်...
လိမ်ညာနေဦးမည်...။



www.burmeseclassic.com

www.burmeseclassic.com



## ရှက်တတ်ရင်

ရှက်တတ်ကြမည်ဆိုလျှင်...
ကိုယ့်ကိုယ်ကို...
ကိုယ် ပြန်လိမ်ညာနေတာလောက်...
ရှက်စရာကောင်းတာ...
ဘာရှိမည်နည်း...

## ဓားစာခံ

တစ်နိုင်ငံက...
တစ်နိုင်ငံအား...
ကျူးကျော်ပြီး...
စစ်တိုက်ခိုက်လာပြီဆိုလျှင်...။
သေကြေရတာက...
ပြည်သူ ပြည်သား...
ပျက်စီးကုန်တာက...
ပြည်သူ့ အိုးအိမ်...
ဆုံးရှုံးတာက...
ပြည်သူ့ ဘဏ္ဍာငွေ...
စာပေ...
ယဉ်ကျေးမှု...။



www.burmeseclassic.com

www.burmeseclassic.com



## ရေတွက်ကုန်လို့လား

လောဘကြောင့်...
ဒုက္ခနွံအတွင်း နစ်သွားကြရသူတွေ...
ဒေါသကြောင့်...
သေကျေသွားကြရသူတွေ...
မောဟကြောင့်...
ပျက်စီးသွားကြရသူတွေ...
မာနကြောင့်...
ငိုရှိုက်နေကြရသူတွေ...
လောကမှာအတွင်း၌...
ရေတွက်ကုန်လို့လား...။

## ကဗျာဆရာ

ရယူခြင်းကင်းကင်းဖြင့်...
အပေးအကမ်း၌...
ရက်ရက်ရောရော ရှိလွန်းတာ...
ကဗျာဆရာမှ...။
ကဗျာဆရာ...။



www.burmeseclassic.com

www.burmeseclassic.com



## သံယောဇဉ်

အဖက်ဖက်က...
အသိဉာဏ်ဖွံ့ဖြိုးသော...
လူ အပထား...
ကာယ အင်အား...
အလွန်တရာ ဖွံ့ဖြိုးတဲ့...
ဆင်သတ္တဝါကြီးများနဲ့...
မုံညှင်းစေ့မျှ သေးငယ်လှသော...
ပုရွက်ဆိတ်ကလေးများမှာလဲ...
သံယောဇဉ်အမျှင်ကြိုး...
ချည်နှောင်ရစ်ပတ်...ခံနေကြရတာပဲ...။

## သင်ခန်းစာ

ကိုယ်ကိုယ်တိုင် အသင်အပြခံဘူးမှ...
ကိုယ်လဲ သူတစ်ပါးကို သင်ပြနိုင်ပါမည်...။
ကိုယ်ကအသင်အပြ မခံဘူးပါလျက်–
သူ တစ်ထူးအား သင်ပြဘို့ဆိုတာ ခက်သား...။



www.burmeseclassic.com

www.burmeseclassic.com



သင့်အဖို့ဥပမာ

အငိုလွယ်သလောက်...
အရိုက်ခက်တယ် ဆိုသည့်...
ရှေးပညာရှိပုဂ္ဂိုလ်များ၏...
ဥပမာပေး နှုတ်ထွက်စကားစုသည်...
ယနေ့ မျက်မှောက်ခေတ်၌...
သူတစ်ပါးနိုင်ငံအား...
လက်နက်အားကိုးပြီး...
ကျူးကျော်...
ပြည်သူဟူသမျှ...
ကြီးသည်...
ငယ်သည်...
ကျား သော...
မ,သော မရှောင်
သတ်ဖြတ်ညှင်းဆဲနေတဲ့...
စစ်ရေးကျူးကျော်သူ
လူသတ်သမားတို့အတွက်...။
သင်ခမ်းစာ ယူရမည့်
အဖိုးတန် နှုတ်ထွက်စကားစုပါဘဲ...။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ပေးတိုင်းရသလော

သဒ္ဓါတရားထက်သန်စွာ...
စေတနာ အပြည့်အဝ...
တွဲ့တိုမှု...
တုံ့ဆိုင်းမှု...
ညှိုးညင်မှု...
နှမျောမှု...
တစ်ခုခုမှု...။
အလျှင်းမရှိသော...
ပေးကမ်းခြင်း ကြီးစွာဖြင့်...
ပေးကမ်းသည့်ပုဂ္ဂိုလ်များက...
ရက်ရက်ရောရော...
ပေးကမ်းကြသည့်တိုင်...
လက်ခံရယူသည့် မည်သည့်ပုဂ္ဂိုလ်
ကျား,မ,မဟူ...။
ယူတတ်မှ ရကြမည်ဖြစ်သည်...
မယူတတ်က အာပတ်သင့်ပေမည်...။



www.burmeseclassic.com

www.burmeseclassic.com



## အိပ်ရာမနိုးကြသေးဘူးလား

အမိဝမ်းကြာတိုက်မှ...
ကျွတ်လွတ်ပြီးကတည်းက...
သေလမ်းသို့ ချီတက်သွားကြရာ၌...
ခရီးတစ်ဝက် ရောက်နေသည့်တိုင်...
အိပ်ရာက မနိုးထကြသေးဘူးဆိုရင်...
ကျွန်ုပ်တို့ခင်ဗျားတို့အတွက်...
(အချိန်)ဘာရှိတော့တာမှတ်လို့...။

## ခရီးပေါက်ရောက်ကြသူများ

လုံးလ ဝီရိယအားပြုလျှက်...
မနေမနား ထ,သွား,ထ,လာပြုသောသူတို့သည်...
အကြောင်းမဲ့ ထိုင်နေသူတို့ထက်...
ခရီးပေါက်ရောက်ကြသည်...။



www.burmeseclassic.com

www.burmeseclassic.com



## နွားမှန်လျှင် ထမ်းပိုးမကြောက်

နွားစင်စစ် ကောန်ဖြစ်လျှင်...
ထမ်းပိုးကြောက်လိမ့်မည် မဟုတ်...
နွားမစစ်သော နွားတွေသာ...
ထမ်းပိုး ကြောက်ကြသည်...။

## မောင်းထုတ်လိုက်ပါ

သင့်ကိုယ်တွင်း၌ ကိန်းအောင်းနေသည့်...
အပြင်းရောဂါနှင့်...
ညှံ့ဖျင်းယုတ်ညံ့သော ရောဂါတို့ကို...
အလျင်အမြန် ကုစားမောင်းထုတ်လိုက်ပါ...
ယင်းရောဂါများ ကိုယ်တွင်း၌...
တာရှည် ခိုအောင်း မှီတွယ်နေပါက...
သင့်ကိုသော်လည်းကောင်း...
သင့်အပေါင်းတို့ကိုလည်းကောင်း...
သင့်အိမ်ထောင်စုဝင် အားလုံးတို့ကိုလည်းကောင်း၊
အကြီးအကျယ် ဒုက္ခပေးတော့မယ်မှတ်...။



www.burmeseclassic.com

www.burmeseclassic.com



## အတည့်ကို အတည့်တိုင်းမြင်ပါမှ

လောကအတွင်းနေထိုင်ကြသူ...
လူသားတိုင်း လူသားတိုင်း...
အတည့်ကို...
အတည့်တိုင်းကြည့်တတ်...
မြင်တတ်ကြဖို့လိုတယ်...
အတည့်ကို–
အတည့်အတိုင်း
မမြင်ကြ၊မကြည့်ကြ၊သူတို့ကြောင့်
လောကအတွင်း၌...
အကောက်...
အကွေ့...
အတိမ်း...
အစောင်း...
အကျဉ်းအကျယ်တွေနဲ့...
ငြင်းခုံ သတ်ပုတ်နေကြရကာ...။

ဥပဒေမှူးမျိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အမြဲတန်းသတိရှိဖို့

"အပ္ပမာဒေန သမ္ပာဒေထ"
မမေ့မလျော့ သတိနဲ့ နေထိုင်ကြသူအဖို့...
ဘဝကိုအောင်နိုင်ခြင်း...
လောကကို အောင်နိုင်ခြင်း...
လောဘ...
ဒေါသ...
မောဟ...
မာန တရားတို့ကိုလည်း...
အောင်နိုင်သူ...
ဗုဒ္ဓ၏ သားကောင်း
ကေန်စင်စစ် ဖြစ်တော့သည်...။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ဂျိုးကပ်သူများ

ရေသည် ငြိမ်းအေးခြင်းကို...
အရင်းခံ၍...
မီးသည် ပူလောင်ခြင်းကို...
အကြောင်းခံ၏ ...
မီးသည် ပူလောင်ခြင်းကို...
အကြောင်းခံသောကြောင့်...
ငြိမ်းအေးခြင်းကို...
အလိုရှိကြကုန်သော...
ရသေ့ ရဟန်း သူတော်စင် အပေါင်းတို့သည်...
မီးနှင့်ဝေးရာ ကင်းလွတ်ရာ အရပ်ဒေသဆီသို့...



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်ခိုဝင်ကြလေ၏…
ပုထုဇဉ်လူသားတို့ကသာ…
ပူသော မီးပုံအတွင်း…
ပိုးဖလံ များကဲ့သို့…
ပျော်ပျော်ပါးပါးကြီး…
ငွါမ်းထိုး ဝင်ကြခြင်းဖြစ်၏…။
အသက်ရှည်လိုသူတိုင်း
အသက်တိုတိုဖြင့်…
လောကကြီးကို ကျော်ခိုင်းသွားလိုသူတိုင်း…
ဘယ်နေရာ ဘယ်ဒေသ၌မဆို…
အပေါင်းအဖော် ကင်းမဲ့စွာဖြင့်…
တစ်ဦးတစ်ယောက်ထည်း နေထိုင်ပါ…။
အသက်ရှည်စွာဖြင့်…
လောကအတွင်း၌ နေလိုသူတိုင်း…
အဖော်အပေါင်းများစွာဖြင့်…
နေထိုင်ကြရန် အသင့်လျော်ဆုံး…။



www.burmeseclassic.com

www.burmeseclassic.com



## ပိုင်ဆိုင်မှု လက်နက်ကိုယ်စီ

မြွေမွေး–
မြွေဟောက်တို့ရဲ့ လက်နက်ဟာ အဆိပ်...
ခြင်္သေ့–
ကျား၊ ဆင် တို့ရဲ့လက်နက်ဟာ ပူလောင်ခြင်း
အေးမြခြင်း...။
ပန်းပွင့်...
ပန်းဆိုင်တို့ရဲ့လက်နက်ဟာ သာယာလှပမှု မွှေး
ကြိုင်မှု...။
ကျေးငှက်တို့ရဲ့လက်နက်ဟာ သာယာစွာ တေးသီ
ဆိုတတ်မှု...။
ကဗျာဆရာ့ လက်နက်ဟာ...
အတွေးအခေါ်နဲ့ ကလောင်တစ်ချောင်း...။



www.burmeseclassic.com

www.burmeseclassic.com



## ဇာတိမာန်

အဖျက်စွမ်းအားသန်လှတဲ့"ချ"တွေရဲ့...
ဇာတိမာန်ဟာ...
ရန်သူနှင့် ရင်ဆိုင်ရခိုက်...
တုံ့ခါ ချောက်လှန့်မှုနဲ့...
သူ့ဇာတိမာန်ကို ပြသတယ်...။
ဝီရိယစွမ်းကြီးမားတဲ့"ပုရွက်ဆိတ်"တွေရဲ့...
ဇာတိမာန်ဟာ...
တွေ့ကြုံလာရတဲ့ ရန်သူအား...
စုပေါင်းဝိုင်းဝန်း တိုက်ခိုက်ခြင်းနဲ့...
သူ့ဇာတိမာန်ကို ဖွင့်ဆိုတယ်...။
မြန်မာတို့ရဲ့...
ဇာတိမာန်ဟာ...
ရန်လိုသော ရန်သူပေါ်လာခိုက်...
ကျူးကျော်သော ရန်သူရောက်လာခိုက်...
စော်ကားသော ရန်သူနှင့် ကြုံရခိုက်...
အနိုင်ကျင့်လိုသော ရန်သူနှင့် ရင်ဆိုင်လာရခိုက်
သူ့ ဇာတိမာန်ကို အပီအပြင်...
ရုပ်လုံး ဖော်တော့တာပဲ...။

ဦးယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အရင်းခံပြယုဒ်များ

မုန်တိုင်းဟာ...
ပရောဂကို အမှီသဟဲ ပြုပြုပြီး...
သူ့အင်အားကိုပြတယ်...။
မုန်တိုင်းဟာ...
အရပ်လေးမျက်နှာမှ...
ဝင်ရောက်ပူးကပ်လာတဲ့...
အပျက်အမှောင့်ကို...
အမှီသဟဲ ပြုပြုပြီး...
သူ့ဒေါသကို ပြတယ်...။
ပန်းဟာ...
ဖြစ်ပေါ်လာတဲ့...
ရာသီဥတုကို...
အမှီသဟဲ ပြုပြုပြီး...
သူ့စွမ်းသူ့စကို ပြတယ်...။
လူတို့သည်ကား...
အကြောင်းအရာ အရပ်ရပ်...
အခြေနေ အစုစုကို...
အရင်းခံ အမှီသဟဲ ပြုပြုပြီး...
သူ့သတ္တိကို ပြတယ်...။



www.burmeseclassic.com

www.burmeseclassic.com



ငါ-

ငါသည်-
အတိတ်...
ငါသည်-
ပစ္စုပ္ပန်...
ငါသည်-
အနာဂတ်...
ငါသည် လောက သဘာဝ...။

ကာလသုံးပါး

အတိတ်ကို...
ငါ ဖြတ်သန်း-
ကျော်လွှားနိုင်ခဲ့ပြီ...
ပစ္စုပ္ပန်အား-
ငါ ရင်ဆိုင်ရင်း...
အနာဂတ်သို့-
ငါ အရောက်လှမ်းတက်ပြီး...။
လောကကို-
ငါ အောင်နိုင်သူ အဖြစ်...
ရပ်တည်စေရမည်...။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ထင်နေလိုက်ကြတာ

ဩော်...
ထင်နေလိုက်ကြတာ...
ထင်နေလိုက်ကြတာ...
ဘာမှမဟုတ်တာကို...
အဟုတ်ကြီးထင်ရဲ့...
ဘာမှမဖြစ်တာကို...
အဖြစ်ကြီးထင်ရဲ့...
ဘာမှမကောင်းတာကို...
အကောင်းကြီးထင်ရဲ့...။
ထင်ကြပါစေလေ...
ထင်ကြပါစေ...
ကိုယ့်ကိုယ်ကိုယ်မှ...
မထင်ကြဘူးဆိုရင်–
ဘယ်သူကလာပြီး...
ထင်ကြဦးတော့မှာလဲ...။



www.burmeseclassic.com

www.burmeseclassic.com



## သင်ပုန်းချေတယ်ဆိုတာ

စည်းကမ်းမဲ့သူတွေ–
အလုပ်မရှိသေသူတွေသာ...
သင်ပုန်းချေတဲ့ အလုပ်ကို–
လုပ်ကြတာ...။
အလုပ်ရှိသေသူ–
စည်းကမ်းရှိသူတိုင်းဟာ...
သင်ပုန်းချေစရာမလို–
သင်ပုန်းက အလိုလိုချေပြီးသား...
ဖြစ်နေပြီ...။

## တစ်ခါမိုက်ရုံနဲ့လူမိုက်မဟုတ်

မတော်တဆမှားသော အဖြစ်သာဖြစ်တယ်...။
နှစ်ခါမိုက်ရင်ဖြင့်–
ယင်း သူသည် မတော်တဆ မှားခြင်းမဟုတ်တော့၊
လူမိုက် စင်စစ်ဖြစ်တော့သည်...။



www.burmeseclassic.com

www.burmeseclassic.com



## အရက်သမားဘဝ

အရက်သမားတစ်ယောက် ကံအားလျော်စွာ...
ရာထူးတက်သွားသည်ကို ကျွန်ုပ်ဝမ်းမသာနိုင်ပါ၊
ယင်း အရက်သမား တကယ်တန်း အရက်ပြတ်
သွားသည် ဆို၍...
အလွန်အကြူး ဝမ်းသာပီတိ ဖြစ်မိပါသည်...။

## မည်သူမဆို

လုံ့လနှင့်ဖွဲ့ လက်ကိုင်မြဲလျှင်...
သတ္တိကို အလံထူပြီး...
တိုက်ပွဲဟူသမျှ ဝင်ရောက်နွှဲလေလော့...
နွှဲသမျှတိုက်ပွဲတိုင်း အောင်မြင်မည်မှာ...
မလွဲဧကန် ဖြစ်သည်...။

## အိပ်ရာကနိုးလိုက်ပါ

အိပ်ရာထ နောက်ကျသူအား–
အိပ်ရာထ နောက်မကျစေရန်...
အိပ်ရာက နိုးပေးလိုက်ပါ...။
အိပ်ရာစောစော ထကျင့် ရသွားလျှင်အိပ်ရာထ,
သူ့နောက်ကျတော့မည်မဟုတ်တော့...။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အချစ်ဋီကာ

အချစ်စိတ်သည် မိုးကြိုးသွားကဲ့သို့
ထက်မျက်၏ ...။
အချစ်စိတ်သည် သမုဒ္ဒရာကဲ့ နက်ရှိုင်း၏ ...။
အချစ်စိတ်သည်
ဘာနုရာဇာနေမင်းကဲ့သို့ ပူပြင်း၏။
အချစ်စိတ်သည်
သော်တာလမင်းကြီးကဲ့သို့ အေးမြ၏။
အချစ်စိတ်သည်
တောတောင်သနင်း ခြင်္သေ့မင်းကဲ့သို့
ရဲရင့်၏ ...။
အချစ်စိတ်သည်
ကျားတိရစ္ဆာန်ကဲ့သို့ ကြမ်းကြုတ် ရက်စက်၏ ...။
အချစ်စိတ်သည်
ကုမုဒြာ ကြာပန်းကဲ့သို့ ကြူမွှေးစေ၏ ...။
အချစ်စိတ်သည်
ပဒိုင်းပန်းကဲ့သို့ ရှုးသွတ်စေ၏ ...။



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်သည်
သဲကန္တာရကဲ့သို့ ခြောက်သွေ့၏ ...။
အချစ်စိတ်သည်
အိုအေစစ်ကဲ့သို့ စိမ်းလန်းစိုပြေ အေးမြ၏ ...။
အချစ်စိတ်သည်
ကျားလျှာကဲ့သို့ ကြမ်းတမ်း၏ ...။
အချစ်စိတ်သည် ဝါဂွမ်းကဲ့သို့ နူးညံ့၏ ...။
အချစ်စိတ်သည် မီးကဲ့သို့ လောင်ကျွမ်းစေ၏ ...။
အချစ်စိတ်သည် ရေကဲ့သို့ ငြိမ်းအေးစေ၏ ...။
အချစ်စိတ်သည် ပဲ့ပြားပင်ကဲ့သို့ ယိမ်းနွဲ့၏ ...။
အချစ်စိတ်သည်
ကျောက်စာတိုင်ကဲ့သို့ ခိုင်မာ၏ ...။
အချစ်စိတ်သည် ဓားသွားကဲ့သို့ ထက်မျက်၏ ...။
အချစ်စိတ်သည် ဓားနှောင့်ကဲ့သို့ တုံးလှ၏ ...။
အချစ်စိတ်သည် သူရောင်မယ်ကဲ့သို့
ချစ်မက်ဖွယ်ကောင်း၏ ...။
အချစ်စိတ်သည် သားစားဘီလူးမကဲ့သို့
ရွံမုန်းဖွယ်ကောင်း၏ ...။
အချစ်စိတ်သည်
လေပြေ၊လေညှင်းကဲ့သို့ ယဉ်ကျေး၏။



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်သည် မုန်တိုင်းကဲ့သို့ ရိုင်းစိုင်း၏ …။
အချစ်စိတ်သည် ရှေ့တန်းစစ်မြေပြင်ကဲ့သို့
ကြောက်လန့်ဖွယ်ကောင်း၏ …။
အချစ်စိတ်သည်
မဟာသမုဒ္ဒရာကဲ့သို့ ရဲရင့်စေ၏။
အချစ်စိတ်သည် နှယ်မျက် နှယ်ပင်ကဲ့သို့
အမှီအတွယ်ရှာတတ်၏ …။
အချစ်စိတ်သည် အမှီအတွယ်ကင်းမဲ့စွာ
အထည်းတည်းနေတတ်၏ …။
အချစ်စိတ်သည် သမုဒ္ဒရာကဲ့သို့
ကျယ်ပြော နက်ရှိုင်း၏။
အချစ်စိတ်သည် ရေစီးမြောင်းကဲ့သို့
ကျဉ်းမြောင်းသေးသိမ်၏ …။
အချစ်စိတ်သည်
မိုးတိမ်များကဲ့သို့ ရွေ့လျားတတ်၏။
အချစ်စိတ်သည်
တိမ်မဲ့မိုးကောင်းကင်ပြာကြီးကဲ့သို့တည်ငြိမ်၏ …။
အချစ်စိတ်သည်
သူတောင်းစားကဲ့သို့ အိမ်ခြေကင်းမဲ့၏။
အချစ်စိတ်သည် အိမ်ရှေ့ဥပရာဇာကဲ့သို့
တင့်တယ်တည်ငြိမ်၏ …။



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်သည်
သူတော်စင်ကဲ့သို့လည်း ဖြစ်၏ …။
အချစ်စိတ်သည်
သူယုတ်မာကဲ့သို့လည်း ဖြစ်၏ …။
အချစ်စိတ်သည် လိပ်သတ္တဝါများကဲ့သို့
ကိုယ့်ဖက်ကိုယ်ရက်တတ်၏ …။
အချစ်စိတ်သည် ရေလှိုင်းများကဲ့သို့
တစ်ဖက်သို့လည်း တွန်းပို့တတ်၏ …။
အချစ်စိတ်သည်
ပိုးဖလံများကဲ့သို့ မီးကို တိုးတတ်၏။
အချစ်စိတ်သည် ရသေ့ရဟန်းများကဲ့သို့
မီးကိုရှောင်ကြ၏ …။
အချစ်စိတ်သည်
လောက၏ ကျေးကျွန်လည်း ဖြစ်၏။
အချစ်စိတ်သည်
လောက၏ အရှင်သခင်လည်းဖြစ်၏။
အချစ်စိတ်သည် မုဆိုးလည်း ဖြစ်ပေ၏ …။
အချစ်စိတ်သည် သားကောင်းလည်း ဖြစ်၏ …။
အချစ်စိတ်သည်
ခရောင်းတောလည်း ဖြစ်ပေ၏ …။



www.burmeseclassic.com

www.burmeseclassic.com


အချစ်စိတ်သည် ရိုးသားမှုလည်း ရှိ၏ ...။
အချစ်စိတ်သည် လည်ပတ်မှုလည်း ရှိ၏ ...။
အချစ်စိတ်သည်
ဖဲမွေ့ယာ ရွှေကော်ဇောလည်း ဖြစ်ပေ၏ ...။
အချစ်စိတ်သည် ဆွဲဆောင်မှုလည်း ပြုပေ၏ ...။
အချစ်စိတ်သည်
တွန်းကန်မှုလည်း ပြုတတ်ပေ၏ ...။
အချစ်စိတ်သည် လှုပ်ရှားမှုလည်း ကြီးမား၏ ...။
အချစ်စိတ်သည် တည်ငြိမ်မှုလည်း ကြီးမား၏ ...။
အချစ်စိတ်သည် ရေလည်း ဖြစ်ပေ၏ ...။
အချစ်စိတ်သည် မြေလည်း ဖြစ်ပေ၏ ...။
အချစ်စိတ်သည် လေလည်း ဖြစ်ပေ၏ ...။
အချစ်စိတ်သည် မီးလည်း ဖြစ်ပေ၏ ...။ ။

ဣတိတသ္မာ-

ထို့ကြောင့် ...။
လောကေ-လောက၌ ...။
လူတို့သည် ...
အချစ်စိတ်ကြောင့် ...
ယဉ်လည်းယဉ်ကျေးကြလျက် ...
ရိုင်းလည်း ရိုင်းစိုင်းကြကုန်သည် ဖြစ်၏ ...။


www.burmeseclassic.com

www.burmeseclassic.com



## ကဗျာဆေးကောင်း

ကဗျာဟူသည်
ဖြေဖျော်ရေးပစ္စည်း မဟုတ်၊
နိုင်ငံနှင့် ပြည်သူတို့အတွက်၊
အသက် အိုးအိမ်စည်းစိမ်များ၊
တည်မြဲရေးအတွက် ဖော်ဆောင်သော
ဆေးကောင်းတစ်ဖုံ
လက်နက်ကောင်းတစ်လက်သာဖြစ်သည်။

## ကြောက်စရာအကောင်းဆုံးလူ

တွေဝေငေးမောသူကို လမ်းခွဲ၊
မပြတ်သားသူကို လက်တွဲဖြုတ်၊
ဓိဓာကြောင်သူကို ကျော်ခိုင်းဖို့မမေ့နှင့်။
အလိုရမက်ကြီးသူ–
မတော်လောဘတိုက်သူ–
သူ/ ကျားငစဉ်းလဲထက်
ကြောက်စရာကောင်း၏။



www.burmeseclassic.com

www.burmeseclassic.com



## အတွေးရဲ့ရလဒ်

အတွေးဆိုတာ–
စိတ်ခရီးရှည်ထွက်ခြင်းကိစ္စပဲ–
လျှို့ဝှက်ချက်မရှိဘူးလေ။
မိုးကောင်းကင်ပေါ်က
ကြယ်မောင်ဖုန်းတွေနဲ့
အပြုံးချင်း ပြိုင်ချင်ပြိုင်ပေမယ့်
ငွေလမင်းကြီးအား
တစိုက်မတ်မတ်
ရှိုက်နမ်းချင်နမ်းမယ်။
နေမင်းကြီးရဲ့ရင်ငွေ့
လှုံချင်လှုံမယ်။
ပြီး––
သမုဒ္ဒရာ အစင်းစင်း
တစ်စင်းမကျန်
ပြည့်မောက်လျှံသွားသည်ထိ
မျက်ရည်မိုးဟွေ့
ဖွေသွန်းချင် ဖွေသွန်းမယ်။
ဒါ– အတွေးမှထွက်ပေါ်လာတဲ့
အဖြေသာဖြစ်တယ်။
အတွေးရဲ့ရလဒ်ပဲ။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## မင်းဒုက္ခနဲ့မင်း

တမလွန်ဘဝရောက်မှတော့
ငါ့မေတ္တာ
မဖြန့်ဝေနိုင်တော့ဘူး–
ဟိုမှာလဲ
ငါ့ဒုက္ခနဲ့ငါ
ဒီမှာလဲ
မင်းဒုက္ခနဲ့မင်း
သတင်းနယ်ပယ်က
ဝေးကာ
ခြားနားခဲ့ပြီ။

## ရှောင်လွှဲမရတဲ့လမ်း

လောကလူသားတိုင်းသည်
ဒီလမ်းမှောင်မှောင်က
ဘယ်ရှောင်လွှဲ၍ လွတ်မှာတဲ့လဲ။
တစ်နေ့အချိန်တန်တော့
အိမ်အပြန်
ဤသည့်လမ်းက လှမ်းရမလွဲ။



www.burmeseclassic.com

www.burmeseclassic.com



## မလုပ်မိအောင်ရှောင်

အလုပ်ဟူသမျှ
ဂုဏ်ရှိစွတဲ့
လုရက်ခိုးတိုက်
အလုပ်များ မလုပ်မိစေနဲ့–။
သေခြင်းကင်းတယ်ဆိုပေမယ့်
ဒဏ်ရာဒဏ်ချက်တွေ
ပြည့်နှက်နေတဲ့
ဟောဒီကမ္ဘာ
သူ့အလွမ်းတေးတွေတောင်မှ–
အသံ–
စည်းဝါး–
မဲ့ကုန်ပါရော့လား–

□ □ □

စာဖတ်သူတိုင်း
စာပေရဲ့တန်ဖိုး
သိနိုင်ကြသည်မဟုတ်–
အပျော်ဖတ်စာပေသမားတွေ–
များနေတဲ့ခေတ် မဟုတ်လား။

ဉယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိုးခါးရေဆိုတာ
အများသောက်ဖို့
ငါလှူလုပ်နေတာမဟုတ်။
အများထဲက
ငါမှမဟုတ်တာ
မင်းမှတ်ချက်ရေးချင်ရေး
သူမတူတဲ့–
ကဗျာဆရာဆိုတာ
ငါမှငါ။

□ □ □

ငါးမရချင်နေပါစေ
ရေချိုးပြန်မယ်ဆိုသူတွေထဲမှာ
ငါ မပါဘူး။
ဦးတည်ချက်ကိုက
ငါးရှာထွက်လာတာ
ငါးရဖို့ပဲ
ငါးရမှဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



(မြို့ပင်လုံ)ကို
ဗဟိုပြုလျက်
လှိုင်လင်နှင့် လဲချားမြို့နယ်မြေအား
ဒို့မျိုးရဲ့
ဂန္ထဝင်အချစ်စတင်ရာ
ဘူမိနက်သန်နယ်မြေအဖြစ်
ငါသတ်မှတ်တယ်။

□ □ □

အတ္တနိဝါဒဘေးကြီး မဆိုက်ရောက်ရအောင်–
လူပဟူသမျှ–
မိမိကိုယ်ကို
မိမိနိုင်နိုင်နင်းနင်း၊
ထိမ်းသိမ်းစောင့်ရှောက်ကြပါ။

□ □ □

သင်မကွယ်လွန်မီ–
နိဗ္ဗာန်တံခါးကို
ခေါက်မိအောင် ခေါက်ဖို့–
မမေ့ပါနဲ့။ ။

ဉာဏ်ဖျာဦမှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာသွေးသည် နီစွေး၏"
မြန်မာတို့သွေး
ဘယ်မျှနီစွေးသလဲ၊
ဘယ်အထိနီစွေးသလဲ ဆိုတာ–
သိလိုလျှင် ဆကာကြီး အေးကြူထံ–
ဆက်သွယ်စုံစမ်းပါ။

❑ ❑ ❑

ခြေတစ်လှမ်းမှ မစရသေးဘဲ–
ပန်းတိုင်ရောက်ဖို့ စိတ်စောနေလား။
သတိပြုရမှာက–
ခြေလှမ်းတိုင်း–
ခြေလှမ်းတိုင်း–
ခလုပ် ကန်သင်းတိုက်မိပြီး၊
မိမိမှောက်ခုံ မလဲဖို့ပါ။

❑ ❑ ❑

မိုက်မဆုံးနိုင်ဘု–
မိုက်အုန်းလော့–
ဒို့လူသား၊
ကာမဘုံအမှောင်တိုက်မှာ
မိုက်ရင်း ငိုက်ရင်း–
ရှိုက်ရင်းလား။



www.burmeseclassic.com

www.burmeseclassic.com



အသိပညာ ဖွံ့ဖြိုးတိုးတက်လာပြီဟု-
မိမိကိုယ်ကို ထင်ကြပါလျှက်
သစ်ပင် ကြီးကြီး မြင့်တိုင်း
ထိုင်ထိုင်ပြီး ရှိခိုးဦးချသူအဖြစ်
မရောက်ပါစေနှင့်။

❑ ❑ ❑

အထူးက သမားတော်ကြီးများ
ကုစားမရတော့သဖြင့်
လက်မှိုင်ချ စောင့်ကြည့်နေရတာက
ခေတ်ပေါ်(　　　)နှလုံးရောဂါ။

❑ ❑ ❑

ခွဲလည်းမရှိ
ရဲစွမ်းသတ္တိလည်း မပြည့်စုံ
မျက်စိလည်း မလျှင်
နားလည်းမပါး
လျှင်မြန်ဖြတ်လတ်မှုလည်းကင်းသော
တောလိုက်မုဆိုးသည်
မည်သည့်နည်းနှင့်မျှ



www.burmeseclassic.com

www.burmeseclassic.com



မုဆိုး အသက်ရှည်နိုင်လိမ့်မည် မဟုတ်။
မြန်မာဖြစ်ပါရက်နဲ့
မြန်မာပြည်မှာ
လူဖြစ်ရတာ ကံဆိုးတယ်လို့ ညည်းငြူနေတော့၊
သင့် အက်ဒမန် ကျွန်းသွားပြီး၊
လူဖြစ်ချင်ပြီနဲ့ တူရဲ့ နော်။

❑ ❑ ❑

ဆရာကောင်း၊ ဆရာတော်ပါမှ–
တပည့်ကောင်း၊ တပည့်တော် မှာပ။

❑ ❑ ❑

တပည့်များ ဆရာထက်တော်ခဲ့လျှင်၊
တပည့်အတွက် ဆရာများ၊
မုဒိတာ ပွားနိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လျား၊
စီးမျောခြင်းသဘောတရားအရ၊
ကျွန်ုပ်တို့လူသား တစ်ရပ်လုံး၊
ကျောက်ခေတ်၊
ကျောက်ဂူအတွင်း၊
ရောက်ရန် မဝေးတော့ပြီ။

❑ ❑ ❑

သူ့သဘော သူဆောင်လာသော
ကမ္ဘာလောကနေ၊
လူသားဟူသမျှ၊
ကြောက်ရွံ့ထိတ်လန့်စရာ
ဘာမျှ မလိုပါ၊
လူသားဟူသမျှအတွက်၊
ကမ္ဘာလောကကြီးက
သူ့သဘော သူဆောင်သွားမည်သာ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



ပန်းသတင်း လေညှင်းဆောင်ပေမယ့်–
နှာခေါင်းအကူအညီ မပါရင်
ဘာသိမှာလဲ၊
နေဝင်မိုးချုပ်မှာ
သတ္တဝါတိုင်း
အမြင်အာရုဏ်
ချို့တဲ့ကုန်ပြီ။

❑ ❑ ❑

လောကကမ္ဘာကြီး အတွင်းက
ထွက်ခွာသွားသူတွေ
များမှများ
— သူတို့
ဘာများ ချန်ထားနိုင်ခဲ့လို့လဲ၊
အမြင့်ပျံ ငှက်တွေလို
ခြေရာပျောက်ကုန်ရော မဟုတ်လား။
ဒီလိုတော့ အဖြစ်မခံနဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com


လောကကြီးအတွင်း၌ ရှိကြကုန်သော
သတ္တဝါဟူသမျှတို့အား
ကယ်တင်ဖို့
ရှုမြင်သုံးသတ်တာ
ဗုဒ္ဓ
ပြီးတော့
ပညာဉာဏ် ကြီးမြင့်သူတွေ
မင်းတစ်မျိုး မထင်နဲ့
တစ်မျိုးမမြင်နဲ့
ငါ ပညာဉာဏ် ကြီးရင့်သူ
ကြီးမြင့်သူ မဟုတ်ဖူး။

❑ ❑ ❑

လောကအလယ်၌
မျက်နှာ ၂မျိုး ၂စား ရှိပေမယ့်၊
ယင်းမျက်နှာ ၂မျိုး ၂စားထဲမှာ
ကွာခြားမှု အများကြီးရှိတယ်။
တစ်မျိုးက အရင်းရှင်မျက်နှာ
တစ်မျိုးက ပစ္စည်းမဲ့ မျက်နှာ။


www.burmeseclassic.com

www.burmeseclassic.com


ဘုရားရိပ်
တရားရိပ်
သံဃာရိပ်
ယင်းအရိပ်သုံးပါး၌
မခိုလှုံမိသော
မည်သူမဆို
အပူမီးကြီး စွဲညီ၊
လောင်မြိုက်ခံနေကြရမည်မှာ မလွဲ။

❑ ❑ ❑

ကွမ်း၊ ဆေး၊
ဖဲ၊ အရက်၊ မိန်းမ၊
ဒင်းတို့ကို သွားမစလိုက်ပါနဲ့
သွားစလိုက်တာနဲ့
သင် ဒုက္ခနွံအိုင်ကြီးအတွင်း
ကျွံကျ၊ နစ်မြုပ်သွားပြီသာမှတ် ။


www.burmeseclassic.com

www.burmeseclassic.com

မေတ္တာအောင်လံစိုက်ထူခြင်း

ကမ္ဘာ မျက်နှာစာ၌
ငါမြန်မာပဲဟေ့ လို့ လက်မထောင်
ရင်ကော့နိုင်သည့်ကာလတွင်
သင် မြန်မာဧကန် ဖြစ်ချိန်တည်း။
အငိုအရှိုက်တွေနဲ့
ရင်းပြီး၊
စခန်းဝင်လာကြသည့် လူသားတိုင်း
အငိုအရှိုက်များနှင့်သာ
စခန်း သိမ်းကြရသည်မှာ မလွဲ။

❑ ❑ ❑

အရိုးသားဆုံးက ပစ္စည်းမဲ့ လူတန်းစား၊
မရိုးသားဆုံးက ဓနရှင် လူတန်းစား၊
ယင်းလူတန်းစား နှစ်ရပ်ရဲ့ ပဋိပက္ခမှုဟာ
ကမ္ဘာ ကျေသော်လည်း၊
ဥဒါန်း ကျေနိုင်ဖွယ် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် မိတ်ဆွေဖွဲ့
ချစ်ခင်စွာ ပေါင်းသင်းလိုတယ်ဆိုရင်
ခင်ဗျားရဲ့ ရော ယိမ်းလိုက်
ဘသား ယိမ်းလိုက်ဆိုတဲ့
အမှုအကျင့်ဆိုးတွေ
မြူတစ်မှုံမျှ မကျန်အောင်
သုတ်သင်ရှင်းလင်း ပစ်လိုက်ပါ။
ဒါဆိုရင် ကျွန်ုပ်ကို ခင်ဗျား ပေါင်းသင်း-
အဆွေခင်ပွန်း ဖွဲ့နိုင်ပြီ။ ။

❑ ❑ ❑

ယုန်ထောင်လို့ ကြောင်မိသည် ဖြစ်စေ၊
ကြောင်ထောင်လို့ ယုန်မိသည် ဖြစ်စေ၊
ခင်ဗျား ဘာဝမ်းနည်းစရာ ရှိလဲ၊
ဟင်းစားရတာဘဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်ဓားကို
အသွေးနိုင်ဆုံးသူမှာ "ကဗျာဆရာ"
ကဗျာဆရာမှတစ်ပါး
အတွေးအခေါ်ဓားကို
သွေးနိုင်သူ
အခြားမရှိနိုင်။

❑ ❑ ❑

ခရီးကြမ်းကိုနှင်ပြီး
မောမော ပမ်းပမ်းနဲ့
ခြေရင်း ဦးတိုက် ရောက်လာသူ
(ရေလှိုင်း)ရဲ့ ရင်ဝအား ခြေအစုံဖြင့်
ဆောင့်ကန် လွှတ်တာ
ကမ်းငူမှာ ရပ်တည်နေတဲ့ ကျောက်ဆောင်၊
(ကျောက်ဆောင်နဲ့ ရေလှိုင်း)တို့ရဲ့
ကမ္ဘာမကျေ ရန်မီး၊
ငြိမ်းရန်ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မ တစ်ဦး တစ်ယောက်ရဲ့
အပြုံးကြောင့်
ယောကျ်ားတွေ လောကအတွင်း၌၊
အများကြီး။
အဲဒီအများကြီးတွေထဲမှာ
သင်ပါနေပြီလား။

❑ ❑ ❑

ငါ့ အနုပညာထဲမှာ...
ငါ့ အသက်ဝိညဉ်ရှိတယ်...
ငါ့ အနုပညာထဲမှာ...
ငါ့ အသည်းနှလုံး ရှိတယ်... ။
ငါ့ အနုပညာထဲမှာ...
ငါ့ မေတ္တာ
ငါ့ ကရုဏာ
ငါ့ မုဒိတာ
ငါ့ စေတနာ ရှိတယ် ...။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းကင်းတဲ့သူ၊ ဘယ်ရှိမည်နည်း၊
လူတိုင်း သေခြင်းမကင်းသည့်နည်းတူ
လူတိုင်း အချစ်နှင့် မကင်းနိုင်ကြတာ...
ဘာဆန်းလဲ...။

❑ ❑ ❑

သားသတ်သမားက
သားသတ်ကုန်းသို့
ကြိုးဆွဲရာ လိုက်ပါရသော်လည်း၊
တွံ့ဆုတ်ခြင်း အလျှင်းမရှိသည်မှာ–နွား...။

❑ ❑ ❑

ကဗျာ ကျမ်းတစ်ဆောင်ရယ်
ဂန္ထဝင် တေးတစ်ပုဒ်ရယ်
ငါ တဖက်သတ် စွဲလန်းချစ်ခင်ရသော
မင်း တစ်ယောက်ရယ် ဆို
ငါ့ အဖို့ လုံလောက်ပါပြီ...။



www.burmeseclassic.com

www.burmeseclassic.com



ပန်းဆိုတာ
လှပမှု ရှိရမယ်
သင်းပျံ့ ကြိုင်မွှေးသော ရနံ့ ရှိရမယ်
ဒါမှ ပန်းမည်ပေလိမ့်။

❑ ❑ ❑

ကမ္ဘာလောက အတွင်းရှိ
အသိရှိ
အသိ မဲ့ တို့နှင့်
သစ်ပင် ပန်းမာန်တို့ အတွက်
မရှိ မဖြစ်
အလိုအပ်ဆုံးအရာသည် ရေ ။

❑ ❑ ❑

တူ နဲ့ ပေ
ပေ နဲ့ တူ
သူတို့နှစ်ဦးဟာ
တစ်ဦး တစ်ဦး အပြန်အလှန်
အကျိုးပြုနေကြလေရဲ့ ....။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်စစ်ပွဲမှာ
ရှုံးနိမ့်မှန်းမသိ
ရှုံးနိမ့်သွားခဲ့တာ
(တောသားကြီး လူနိုင်) မဟုတ်
အိမ်ရှေ့ ဥပရာဇာ(များ)...။

❑ ❑ ❑

မိန်းမ မကောင်းကြောင်း
ပြစ်ပြစ်ခါခါ ပြောခဲ့ကြသော
ပြောနေကြသော
ပုဂ္ဂိုလ်တိုင်း
မိန်းမက မွေးဖွား၍
လူအဖြစ် ရောက်လာကြသူများဖြစ်သည်...။

❑ ❑ ❑

လုပ်သမျှ
ဒုက္ခတဲ့
ဟုတ် မဟုတ်
သင် လက်တွေ့ လုပ်ကြည့်စမ်း...။



www.burmeseclassic.com

www.burmeseclassic.com



မချစ်သော်လည်း
အောင့်ကာ နမ်း တဲ့
ဟူး...ဘာကြောင့် အမောခံ
အပင်ပမ်းခံ နေတော့မှာလဲ...။

□ □ □

ဘာအတွက်မဆို
အသင့်ပြင်ဆင်ထားပါ
အဆုံးစွန်သောဘဝ
သေမင်းခေါ်လျှင် လိုက်ပါဖို့
အထိပေါ့ ...။

□ □ □

ငါလဲသော်လည်း
ထ, ဦးမည်ဟူသော စိတ်ဓာတ်ဖြင့်
နောက်ဆုံးခြေလှမ်းအထိ
လှမ်းလိုက်ပါ...။

□ □ □

လောက ကမ္ဘာအတွင်း၌
ကမ္ဘာကျော် တေးထံတချာရှင်များမှာ
လူပုဂ္ဂိုလ်များသာ မဟုတ်
တေးဆို ကျေးငှက်အပေါင်းလည်းပါသည်...။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှ တစ်ဦး၏
အပြုံးပန်းတပွင့်ကြောင့်
ရင်နင့်အောင်
လွမ်းနေကြရသူတွေထဲမှာ
(တောသားကြီး လူနိုင်)
"တစ်ယောက်" "ပါကောင်းပါနိုင်သည်...။

□ □ □

**အသင်လူသား**
**ရောင်ဝါးဝါးနဲ့**
**လောကအမွေ**
**ဘာတွေ ရထားပြီလဲ**
**ဓမ္မလော အဓမ္မလော...။**

□ □ □

အထက်ဘဝဂ်
အောက်အဝီစိ
ပြီး...နိဗ္ဗာန် ဟူသော
ပန်းတိုင် (၃)ခု၌
ခင်ဗျားဘယ်ပန်းတိုင်
လှမ်း ကိုင်ဖို့ ဦးတည်နေပြီလဲ...။



www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို
မိမိဆန်းစစ်ကြည့်ပြီးပြီလား
ငါဘာလဲ
ငါဘာလဲ
ငါဘာလုပ်ခဲ့ပြီလဲ
ငါဘာဆက်လုပ်ဦးမည်လဲ ဟူ၍... ။

❑ ❑ ❑

မေတ္တာဂဟေ
စွဲမြဲစေဖို့
လ,နေနှစ်ပါး
သက်သေထားသည်
ဘုရား မ ကိန်းကြုလတ္တံ့...။

❑ ❑ ❑

ဗုဒ္ဓမြတ်စွာ
သာသနာ
မြန်မာအရှည် တည်လတ္တံ့
ကမ္ဘာအရှည် တည်လတ္တံ့... ။

ဥယျာဉ်မှူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မသိကျော်သွား
သိဖော်စား
တရားရေအေး မွေးလတ္တံ့...။

□ □ □

သတ္တဝါများအတွက် မေတ္တာအောင်လံ
စိုက်ထူခဲ့တာ ကျုပ်တို့ရဲ့ (ဂေါတမဗုဒ္ဓ)
ဟိုး နှစ်ပေါင်း ၂၅၄၉ ထဲက
ကျုပ်တို့ရဲ့ (ဂေါတမဗုဒ္ဓ) စိုက်ထူခဲ့သော
မေတ္တာအောင်လံသည် ယနေ့အထိ
ညှိုးနွမ်းခြင်း မရှိ၊
စုတ်ပြဲခြင်းမရှိ၊
စုတ်ပြဲညှိုးနွမ်းအောင်လည်း၊
မည်သူမျှ စွမ်းဆောင်နိုင် လိမ့်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

## တောသားကြီးညှိနိုင်

အမျိုးသားစာပေဆု (၂)ဆုရ

# ခယောင်းလမ်း (နှင့်) ပန်းလကော်



ဥပ္ပာဒီမုံးစာပေမှ

ဆကြာဆီ ဖြန့်ချိပါမည်။

www.burmeseclassic.com